http://www.dhammadownload.com

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ ရဲကျော် စီစဉ်ရေးဆွဲသည့်

ရွှေမောင်း

ဝမ္မ ရသ သုတ ရုပ်စုံ

ဆေးရောင်စုံရုပ်ပြ

No.14 September , 2012

Shwe Moung Colourful Mini Comic

မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး

ပထမပိုင်း

- မာရ်နတ်မင်းကြီးကိုအောင်တော်မူခြင်း
- အာဠာဝကဘီလူးကြီးကိုအောင်တော်မူခြင်း
- နာဠာဂီရိဆင်ရိုင်းကြီးကိုအောင်တော်မူခြင်း

ပိစိကွေး နှင့် ဘုတ်အိုမ ပါဝင်သည်

ဘယ်သူတရားပျက်ပျက်
ကိုယ် တရားမပျက်အောင်နေပါမှ
"သူတော်ကောင်း" အစစ်ဖြစ်လိမ့်မယ်။
"သူတော်ကောင်း" ဆိုတာ
သူ မကောင်းလည်း ကိုယ် ကောင်းရပါမယ်။
ဒေါက်တာအရှင်ပညိဿရ



Cyan Magenta Yellow Black

ဟောဒါက--ဂေါတမ ဗုဒ္ဓဘုရားရှင် မာရ်နတ်မင်းကြီးကို အောင်မြင်တော်မူတဲ့ "ပထမအောင်ခြင်း"ပေါ့--
ဟိုးလွန်ခဲ့တဲ့-- နှစ်ပေါင်း နှစ်ထောင့် ခြောက်ရာလောက်တုန်းက--
ဂေါတမ ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ--"သဗ္ဗညုတဗုဒ္ဓ"ဘုရားရှင်အဖြစ် ဖြစ်တော်မူခါနီး--တစ်ရက်အလိုမှာ--"ဟိမဝန္တာ"ဒေသ"ဥရုဝေလ"တောအုပ် အနီးမှာရှိတဲ့"နေရဉ္ဇရာ"မြစ်ကမ်းဘေးက--ညောင်ပင်ကြီးအောက်မှာ ထိုင်နေတော်မူရင်း ဆွမ်းခံချိန်ကို စောင့်နေသတဲ့
ဒီအချိန်မှာ--"သေန"ဆိုတဲ့ ရွာမှာနေတဲ့ သူဌေးကတော်လေး"သုဇာတာ"ဟာလည်း သူနှစ်စဉ်ပြုနေကျ အလုပ်တစ်ခုဖြစ်တဲ့ညောင်ပင်စောင့်နတ် ကို "နို့ဆွမ်း"ကပ်လှူဖို့ အဲဒီညောင်ပင်နားကိုရောက်လာတယ်ဆိုပါတော့ကွာ
"သေန"ရွာက ရွာသားတွေက အဲဒီညောင်ပင်မှာ ညောင်ပင်စောင့်နတ်ရှိတယ် လို့ ယုံကြည်ထားကြသတဲ့လေ-- ပြီးတော့--အဲဒီညောင်ပင်စောင့်နတ်ဆီမှာ--သားဆုပန်ရင် ဆုတောင်းပြည့်တယ်လို့ အယူအစွဲရှိခဲ့ကြတာကိုး--
သူဌေးသမီး"သုဇာတာ"ကလည်း-- အိမ်ထောင်မကျခင်ကတည်းက--"အဆင့်အတန်းတူညီတဲ့ သူဌေးသားချောချောလေးနဲ့--အိမ်ထောင်ကျပြီး--သားယောကျ်ားလေး မွေးရပါစေ"လို့ ညောင်ပင်စောင့်နတ်ကို တိုင်တည်ပြီး ဆုတောင်းခဲ့တယ်ဆိုပဲ
သူက--ဆုတောင်းရုံတင်မကဘူး ကတိပါပေးခဲ့သေးသတဲ့လေ--ဆုတောင်းတာပြည့်ရင် ကဆုန်လပြည့်နေ့တိုင်း--ညောင်စောင့်နတ်ကြီးကို "နို့ဆွမ်း"လာလှူပါ့မယ်--လို့--ကတိပေးခဲ့တာလေ

http://www.dhammadownload.com

http://www.dhammadownload.com

ဗောဓိညောင်ပင်ကြီးဆီကို
ရောက်တဲ့အခါ--အဲဒီမြက်ရှစ်ဆုပ်ကို
ထိုင်စရာနေရာအဖြစ် ဖြန့်ကြဲ
လိုက်တာနဲ့--
တစ်ဆယ့်လေးတောင်
အကျယ်ရှိတဲ့"အပရာဇိတ"ရွှေပလ္လင်ကြီး
ဘွားခနဲ ပေါ်လာသတဲ့
ဒါတွေဟာ--အံ့ဖွယ်သုတ
ယုံတမ်းစကားပုံပြင်တွေမဟုတ်ပါဘူး--
ပိဋကတ်တော်မှာပါတဲ့အတိုင်း--ပြောပြနေတာနော်
ဘုရားလောင်းဟာ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းကာလတိုင်အောင်
သူမတူအောင် ပါရမီတွေဖြည့်လာရတဲ့အကျိုးကျေးဇူးကြောင့်
အခုလို--ထူးဆန်းအံ့ဖွယ်တွေကို ရရှိခံစားရတယ်လို့
မှတ်ထားကြပါ--နော်--ဒီကိစ္စ ဖြစ်နိုင်မယ်
မဟုတ်ပါဘူး--လို့ ယုံမှားသံသယ
မဖြစ်မိကြစေနဲ့--ဟုတ်လား
"ဂေါတမ"ဘုရားလောင်းဟာ
အဲဒီပလ္လင်ထက်မှာ ထိုင်တော်မူပြီးတဲ့နောက်
"ငါသည်--ဗုဒ္ဓဘုရားတစ်ဆူ မဖြစ်သေးသမျှ
ဤနေရာမှ မထတော့ပြီ"လို့ သန္နိဋ္ဌာန်ချ
လိုက်တယ်

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ကြောက်ဖွယ်ရာ အသွင်သဏ္ဍာန်မျိုးစုံကို ဖန်ဆင်းပြီး ဗုဒ္ဓဘုရားလောင်း“ဂေါတမ”အနီးကို ချဉ်းကပ်လာကြတယ်--
ဗုဒ္ဓဘုရားလောင်း“ဂေါတမ”ကတော့ လုံးဝကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ-- မဟာပထဝီမြေကြီးကို သက်သေညွှန်းပြီး တိုင်တည်လိုက်သတဲ့
အဲဒီအခါ--လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ကာလတိုင်အောင်--မိမိရဲ့အသက်ကို ပဓာနမထားဘဲ အများအကျိုးကို ဆောင်ခဲ့တဲ့“ပါရမီတော်”ရဲ့အစွမ်းကြောင့် ဟောဒီကမ္ဘာမြေကြီးဟာ--ပန်ကာကြီးလည်သလို--သွက်သွက်ခါအောင် လည်လာပြီး--ကြောက်မက်စရာကောင်းလောက်အောင် အသံကြီးတွေမြည်ဟီးလာပါလေရော
အဲဒီအခါ--အလွန်ဒေါသကြီးနေတဲ့“မာရ်နတ်ကြီး”နဲ့အပေါင်းပါတွေဟာ အရမ်းကြောက်လန့်တုန်လှုပ်မိပြီး ဖရိုဖရဲထွက်ပြေးတော့တာပေါ့

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

မြတ်စွာဘုရားရှင်ကလည်း-- အဲဒီအခွင့်အရေးကို အသုံးချပြီး “အာဠာဝက”ဘီလူးကြီးကို တရားဟောကြား ဆုံးမတော်မူတာပေါ့--ဘီလူးကြီးကလည်း ရှေးဘဝက ပြုခဲ့ဖူးတဲ့ ပါရမီ ကုသိုလ်တွေ ရဲ့အစွမ်းကြောင့်--ဘုရားရှင်ရဲ့ တရားတော်ကိုနာကြားနေဆဲ မှာပဲ--“သောတာပန်” ဖြစ်ခဲ့ပြီပေါ့
“သောတာပန်”ဆိုတာ အပါယ်လေးဘုံကို မရောက်နိုင်တော့တဲ့ အဆင့်မဟုတ်လား--ဒီတော့--သောတာပန် ရဲ့ အကျင့်နဲ့ညီအောင်--သူများအသက်ကို မသတ်တော့ဘူး--ဆိုပါတော့
အဲဒီအချိန်မှာပဲ-- “အာဠဝီ”ဘုရင်ကြီးရဲ့သားတော် “အာဠဝီ”မင်းသားလေးကို--ဘီလူးအစာအဖြစ် လာရောက်ဆက်သကြပြီ--လေ--ဘီလူးကြီးက အရင်ကလိုဆိုရင် ဂွပ်ခနဲ ဆွဲဝါးပစ်မှာ--နော် အခုတော့--အဲဒီ“အာဠဝီ”မင်းသားလေးကို အသာအယာပွေ့ချီယူလိုက်ပြီး ဘုရားရှင်ထံ ဆက်သ လိုက်တယ်
ဘုရားရှင်ကလည်း-- ဘီလူးဆက်သလာတဲ့--“အာဠဝီ”မင်းသားငယ်ကို လက်ခံတော်မူပြီး--မင်းသားကိုလာပို့ကြတဲ့-သူတွေလက်ထဲ ပြန်ထည့်ပေးလိုက်တယ်--ဒီကလေးဟာ--အရွယ်ရောက်ရင် ဗုဒ္ဓတရားတော်တွေကို သင်ယူတတ်မြောက်တဲ့သူ ဖြစ်လာမယ်--လို့--ဘုရားရှင်ကသိထားတာကိုး
အဲဒီလို နဲ့ တရားဟောပြီးတဲ့အခါ ဗုဒ္ဓဘုရားရှင်ဟာ“အာဠာဝီ”ပြည်ထဲကိုဆွမ်းခံဖို့ကြွတော်မူတယ် အဲဒီအခါ--ဒကာအသစ်စက်စက်“အာဠာဝက”ဘီလူးကြီးက--သပိတ်ကိုင်ပြီး နောက်တော်ပါးကလိုက်ခဲ့တာပေါ့--ဒါပေမယ့်--အာဠဝီပြည်ထဲကို ဝင်မယ်ကြံတော့--ဘုရားရှင်နောက်က မလိုက်ဝံ့တော့တာကြောင့် မြို့ပြင်မှာပဲကျန်ခဲ့သတဲ့--
သူ--မိုက်လုံးကြီးစဉ်အခါတုန်းက အာဠဝီပြည်ထဲက သူတွေကို သတ်ဖြတ်စားသောက်ခဲ့တာဆိုတော့ အဲဒီလူတွေရဲ့ဆွေမျိုးသားသမီးတွေကို မျက်နှာမပြဝံ့လို့-- မျက်နှာပူ--တယ်ဆိုပဲ--
ကဲ--“ဂေါတမ”ဗုဒ္ဓဘုရားရှင်ရဲ့ “ဒုတိယအောင်ခြင်း”ကတော့အဲဒါပဲ--နော်

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



အဲဒီအချိန်မှာပဲ ဆင်ကြီးပြေးလာတဲ့လမ်းမှာ--သားငယ်ကိုချီလာတဲ့ ကလေးအမေ တစ်ယောက်ဟာ ဆင်ကြီးလာနေတာကို တွေ့တော့--ကြောက်လန့်ပြီး ခြေဦးတည့်ရာ ထွက်ပြေးပါလေရော
အရက်အလွန်အကျွံမူးနေတဲ့ “နာဠာဂီရိ”ဆင်ရိုင်းကြီးကလည်း သူ့ရှေ့မှာတွေ့တဲ့အရာ အားလုံး တွန်းတိုက် လုံဖြိုပြီး လာနေရင်းကနေ--အဲဒီကလေးအမေ ကိုတွေ့တော့--အဲဒီနောက်ကို လိုက်တော့တာပေါ့
ကလေးအမေ က သူဒီအတိုင်း ဆက်ပြေးနေရင်--သူတို့သားအမိ ဆင်နင်းလို့သေရမှာပဲ--လို့ တွေးမိတာကြောင့်--သူသေချင်--သေပါစေ--သူ့သားလေးကိုတော့ လွတ်ရာလွတ်ကြောင်း--အနေနဲ့--“ဂေါတမ”ဗုဒ္ဓဘုရားရှင်ရဲ့ ရှေ့မှောက်မှာ ချထားခဲ့သတဲ့--သူကတော့ ဆက်ပြေးတာပေါ့--
“နာဠာဂီရိ”ဆင်ကြီးလည်း အဲဒီကလေးအမေ ပြေးရာနောက်ကိုပဲ-- တစ်ဇွတ်ထိုးလိုက်နေသတဲ့လေ--ကလေးအမေခမျာ ပြေးရလွန်းလို့--မောလာတဲ့အခါ--ဆက်မပြေးနိုင်ဘဲ ဆင်ကြီးရှေ့မှာပဲ--လဲကျသွားပါလေရော---
ဆင်ကြီးကလည်း--သူ့ရှေ့မှာ လဲကျသွားတဲ့--အဲဒီအမျိုးသမီးကို နင်းသတ်မယ်ဆိုပြီး ခြေကိုကြွလို့--အရှိန်ယူလိုက်စဉ်မှာပဲ--
ချစ်သား--နာဠာဂီရိ-- အသင့်ကို--လွှတ်လိုက်တာဟာ--အဲဒီ--လို လုပ်ဖို့မဟုတ်ဘူး--ငါဘုရားကို သတ်ဖို့--အသင့်ကို လွှတ်လိုက်တာမဟုတ်လား--ငါ--ဘုရားဆီကိုပဲ အသင်အမြန်လာခဲ့စမ်းပါ--
“ဂေါတမ”ဗုဒ္ဓဘုရားရှင်ဟာ နာဠာဂီရိ ဆင်ရိုင်းကြီးအပေါ်မေတ္တာပို့လွှတ်ပြီး ဆင်ကြီးနားလည်စေတဲ့စကားကို--အလွန်သာယာပြီး နားဝင်ချိုစရာကောင်းတဲ့အသံတော်နဲ့ လှမ်းပြီး--ပြောလိုက်တဲ့အခါ
အင်း--ဟုတ်ပါရဲ့-- ငါ--သတ်ရမှာက--ဒီ အမျိုးသမီးကိုမှမဟုတ်ဘဲ ဟို--ဘက်နားမှာ--ဆွမ်းခံကြွလာနေတဲ့--သင်္ကန်းဝါဝါနဲ့ ရဟန်းကြီး “ဂေါတမ” ကို နင်းသတ်ရမှာပဲ--

http://www.dhammadownload.com

http://www.dhammadownload.com



"မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး" ကို သရုပ်ဖော်ရေးဆွဲရာတွင် အကြောင်းအရာကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင်ကြိုးစားရေးဆွဲ ရသည့်အတွက် "ရွှေမောင်း" ၏ တစ်လစာ စာမျက်နှာနှင့် မလောက်ငနိုင်ပါ။ ထို့ကြောင့် (ပထမပိုင်း)(ဒုတိယပိုင်း)ဟူ၍ ၂-လ စာ ဆက်တိုက် ထုတ်ဝေနိုင်အောင် စီစဉ်ထားရခြင်းဖြစ်ပါသည်။ နှစ်ပိုင်းခွဲ၍ စောင့်မျှော် ဖတ်ရှုရခြင်းအတွက် ပရိသတ်များ နားလည်ခွင့်လွှတ်စေချင်ကြောင်းပါခင်ဗျား။

http://www.dhammadownload.com

အလိုတော်ပြည့်စာပေမှ ထွက်ရှိပြီးစာအုပ်များ

ရွှေမောင်း အမှတ်စဉ် (၁)
ဇူလိုင်လ၊ ၂၀၁၁
"ဩကာသ--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၂)
ဩဂုတ်လ၊ ၂၀၁၁
"ငရဲ--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၃)
စက်တင်ဘာလ၊ ၂၀၁၁
"ပြိတ္တာ--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၄)
အောက်တိုဘာလ၊ ၂၀၁၁
"ကာယဒုစရိုက်--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၅)
နိုဝင်ဘာလ၊ ၂၀၁၁
"ဝစီဒုစရိုက်--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၆)
ဒီဇင်ဘာလ၊ ၂၀၁၁
"မနောဒုစရိုက်--ဟူသည်"





ရွှေမောင်း အမှတ်စဉ် (၇)
ဇန်နဝါရီလ၊ ၂၀၁၂
"ကောသလမင်းကြီး၏
အိပ်မက်(၁၆)ချက်"

ရွှေမောင်း အမှတ်စဉ် (၈)
ဖေဖော်ဝါရီလ၊ ၂၀၁၂
"နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"
(ပထမပိုင်း)

ရွှေမောင်း အမှတ်စဉ် (၉)
မတ်လ၊ ၂၀၁၂
"နှစ်ကျိပ်ရှစ်ဆူ--ဟူသည်"
(ဒုတိယပိုင်း)

ရွှေမောင်း အမှတ်စဉ် (၁၀)
ဧပြီလ၊ ၂၀၁၂
"နတ်ပြည်(၆)ထပ်--
ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၁၁)
ဇွန်လ၊ ၂၀၁၂
"ခင်ပွန်းကြီး(၁၀)ပါး--
ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၁၂)
ဇူလိုင်လ၊ ၂၀၁၂
"ငါးပါးသီလ--ဟူသည်"





ရွှေမောင်း အမှတ်စဉ် (၁၃)
ဩဂုတ်လ၊ ၂၀၁၂
"ရတနာသုံးပါး ဂုဏ်တော်များ"

ရွှေမောင်း အမှတ်စဉ် (၁၄)
စက်တင်ဘာလ၊ ၂၀၁၂
"မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး"
(ပထမပိုင်း)

၆လစာ(၆-အုပ်)အတွက်	၃၀၀၀ ကျပ်
၁၂လစာ(၁၂-အုပ်)အတွက်	၆၀၀၀ ကျပ်

ရှေ့လ

ရွှေမောင်း အမှတ်စဉ် (၁၅)
အောက်တိုဘာလ၊ ၂၀၁၂
မြတ်ဗုဒ္ဓ၏
အောင်ခြင်းရှစ်ပါး
(ဒုတိယပိုင်း)

လပေး မှာယူလိုသူများ အတွက် ဖော်ပြပါနှုန်းအတိုင်း ငွေကြိုသွင်း စနစ်ဖြင့်မှာယူပါက (ရန်ကုန်မြို့တွင်းသာ) အိမ်အရောက် ငွေကောက်ခံ၍ လစဉ် ပို့ပေးပါမည်။

စာပို့ခများ ဈေးနှုန်းကြီးမြင့်လာမှုကြောင့် နယ်/ရပ်ဝေးသို့ လပေး မပို့ပေးနိုင်သည့်အတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။

မှတ်ချက်။ ။ပို့ဆောင်ရသည့် အခက်အခဲကြောင့် ၂၀၁၂ ဇူလိုင်လမှ စတင်၍ (၆)လစာမှာယူခြင်း ကို တစ်ဦးချင်း လက်မခံနိုင်တော့ဘဲ အနည်းဆုံး(၂)ဦးစာ မှာယူမှသာ (၆)လစာ ပို့ပေးနိုင်ပါမည်။

တန်ဖိုး
၅၀၀ ကျပ်

အထူးအစီအစဉ်

"ရွှေမောင်း"ဓမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် ဈေးနှုန်းလျှော့ကာ ရောင်းချပေးလျက်ရှိပါသည်။ စောင်ရေ(၁၀၀)နှင့် အထက်"ဓမ္မဒါန"ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး (ရန်ကုန်မြို့တွင်း)မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ် မှ မှာယူလိုသူများကို စောင်ရေ (၁၀၀) အထက်မှာယူလျှင် ပို့ဆောင်ခ အပါအဝင် စာအုပ်တန်ဖိုးကို ကြိုတင်ငွေပို့ စနစ်ဖြင့်မှာယူနိုင်ပါသည်။

ငွေကြိုတင်ပို့ခြင်းအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟိုပလာဇာ)တာမွေဘဏ်ခွဲ ။ M.O.B (ပန်းဆိုးတန်းဘဏ်ခွဲ၊ တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) ။ ကမ္ဘောဇဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) ရိုးမဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) သို့"ငွေလွှဲ" ပေးပို့နိုင်ပြီး ငွေလွှဲပေးပို့ခြင်းအား "အလိုတော်ပြည့်စာပေ" ဦးစိုးပိုင်၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၅၇၀၉၇ ။ ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၁၉၅ ။ ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၈၅၉ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။

အထူးသတိပြုရန်မှာ စာအုပ်မှာကြားသည့်အခါ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် နှင့် ပေးပို့ရမည့် စာအုပ်အမှတ်စဉ် ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး(ပင်ရင်း)
အလိုတော်ပြည့် စာပေ
အမှတ်(၂၇)-၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၈၅၉ ။

ထုတ်ဝေသူ ဦးပန်းစိန်၊ ကျီးတော်ရာစဉ် ၀၄၁၂၇၊ အတွင်း နှင့် မျက်နှာဖုံး ပုံနှိပ်သူ ဒေါ်ခင်စီ(၀၁၄၈၀)ဓမ္မဘာမိပုံနှိပ်တိုက်၊ ၂၀၁၂ စက်တင်ဘာလ ပထမအကြိမ်၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး (၅၀၀)ကျပ်။

SHWE MONG Colourful Mini Comic No.14